**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ )လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ အကျဉ်းချုပ်ကို ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ )လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄ (ဆ) နှင့် နည်းဥပဒေ ၁၄၈ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်း ဆောင်ရွက် ချက်များကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၂၀)က အစည်းအဝေး ဆုံးဖြတ်ချက် ရရှိပြီးဖြစ်ပါ သည်။ ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၄၈ နှင့်အညီ အစီရင်ခံစာ အကျဉ်းချုပ်အား ဆက်လက် ထုတ်ပြန်အပ်ပါသည်။

၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်း အချက်အလက်များကို ထုတ်ဖော်တင်ပြသည့် ညွှန်ကြားချက်အမှတ် ၁၇/၂၀၁၉ ကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှု ဖြေရှင်းသည့် နည်းလမ်းနှင့် စပ်လျဉ်း၍ မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၀ ကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပမာဏ တိုးမြှင့်ပြီးခွင့်ပြုထားသည့် ကာလအတွင်း တိုးချဲ့လုပ်ကိုင် ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၀ ကိုလည်းကောင်း အသီးအသီးထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ၁၂ လတာ ကာလအတွင်း ကော်မရှင်အစည်းအဝေး ၁၇ ကြိမ် ပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် ၂၄၅ ခုကို ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄.၂၃၅ ဘီလီယံ ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်း ဖြစ်သော လုပ်ငန်းအရေအတွက် ၁၁၀ ခုအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ

၁,၂၉၁ ဘီလီယံ ထပ်မံတိုးမြှင့် ခွင့်ပြုပေးခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၅.၅၂၆ ဘီလီယံ ခွင့်ပြုပေးခဲ့ပါသည်။ အခြားတစ်ဖက်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၈ ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၃.၂၇၇ သန်း ခွင့်ပြုပေးခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပမာဏမှာ အမေရိကန် ဒေါ်လာ ၅.၆၈၉ ဘီလီယံ ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ၁၂ လတာ ကာလအတွင်း ပြည်တွင်းသို့ လုပ်ငန်းဆောင်ရွက်ရန် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အမှန် စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၁.၈၃၄ ဘီလီယံ ရှိပါသည်။

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်း အသစ် ၁၃၀ ခုကို ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂၆၆.၈၇၃ သန်း အပါအဝင် ကျပ် ၁,၅၃၅.၀၇၅ ဘီလီယံ ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်းအရေအတွက်ပေါင်း ၃၀ ခုအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၄၆.၇၄၅ သန်း အပါအဝင် ကျပ် ၃၄၆.၃၈၄ ဘီလီယံ ထပ်မံ တိုးမြှင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့သဖြင့် ရင်နှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄၁၃.၆၁၈ သန်း အပါအဝင် ၁,၈၈၁.၄၅၉ ဘီလီယံ ကို လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။

၇။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် စိစစ် ခွင့်ပြုပေးခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၄၅ ခုက လုပ်သားအင်အား ၁၉၃,၈၇၁ ဦး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၃၀ ခုက လုပ်သားအင်အား ၂၃,၂၇၄ ဦးကို အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး ဖန်တီး ပေးနိုင်ခဲ့သည့်အတွက် ဘဏ္ဍာနှစ် ၁ နှစ်တာအတွင်း ခွင့်ပြုခဲ့သော ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း များမှ အလုပ်အကိုင် အခွင့်အလမ်း စုစုပေါင်း ၂၁၇,၁၄၅ နေရာ ဖန်တီး ပေးနိုင်ခဲ့ ပါသည်။

၈။ ကော်မရှင်၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် ကော်မရှင်ရုံး၌ ဖွဲ့စည်းထားသော တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Services) အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

၉။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးဌာနခွဲ၏ ဦးဆောင်မှုဖြင့်တိုင်းဒေသကြီးနှင့် ပြည်နယ် (ရုံးခွဲ) များနှင့် ပူးပေါင်းပြီး ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့ (One Stop Services) ဖြင့် ကော်မရှင်က ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအနက် စီးပွားဖြစ်စတင်ပြီး လည်ပတ်လျက်ရှိသော လုပ်ငန်းများသို့ ၂၉၅ ကြိမ်၊ တည်ဆောက်ရေး ကာလ အတွင်း ဆောင်ရွက်နေသော လုပ်ငန်းများသို့ ၁၁၃ ကြိမ်၊ အခြားလုပ်ငန်းများအား အခြေအနေ စစ်ဆေးခြင်း ၂၃ ကြိမ် စုစုပေါင်း ၄၃၁ ကြိမ်ကွင်းဆင်းခဲ့ပြီး ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှု ရှိ မရှိ စစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

၁၀။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်နှင့် ပတ်သက်၍ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများဖြင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးမှု ၃ ကြိမ်အပါအဝင် စုစုပေါင်း ၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး၊ ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်ကို Video Conferencing စနစ်ဖြင့် ဆွေးနွေးမှု ၂ ကြိမ်အပါအဝင် စုစုပေါင်း ၆ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ် စုစုပေါင်း ၁၀ ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း အကျဉ်းချုပ် အစီရင်ခံစာ ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးရုံး**